# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၁၂၃ / ၂၀၂၁

၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက်

( ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၉ ရက် )

**ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း**

၁။ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြန်လည်နေရာချထားရေး၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်ရေး၊ ပြန်လည်ထူထောင်ရေး၊ ရေရှည်ပဋိပက္ခကင်းဝေးရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် **"ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဥက္ကဋ္ဌ<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဇ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန

(ဈ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး
ဝန်ကြီးဌာန

(ည) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(ဋ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(ဌ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဍ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဎ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး
ဝန်ကြီးဌာန

(ဏ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

(တ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်
ပြည်သူ့အင်အားဝန်ကြီးဌာန

(ထ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဒ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

| | | |
|---|---|---|
| (ဓ) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (န) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ပ) | ပြည်ထောင်စုဝန်ကြီး<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဖ) | ပြည်ထောင်စုဝန်ကြီး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဗ) | ပြည်ထောင်စုရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (ဘ) | ဥက္ကဋ္ဌ<br>ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (မ) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ယ) | အဖွဲ့ဝင် (၁)<br>ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | တွဲဖက်အတွင်းရေးမှူး |

၂။ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြန်လည်နေရာချထားရေး၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်ရေး၊ ပြန်လည်ထူထောင်ရေး၊ ရေရှည်ပဋိပက္ခကင်းဝေးရေးတို့နှင့်စပ်လျဉ်း၍ လုပ်ငန်းကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ရန်၊

(ခ) လုပ်ငန်းကော်မတီအလိုက် စီမံချက်များရေးဆွဲတင်ပြစေရန်နှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးရန်၊

(ဂ) သက်ဆိုင်ရာလုပ်ငန်းကော်မတီအလိုက် လုပ်ငန်းစီမံချက်များအတိုင်း ဆောင်ရွက်နိုင်ရေး ကြပ်မတ်ဆောင်ရွက်ရန်၊

(ဃ) လုပ်ငန်းကော်မတီအလိုက် လုပ်ငန်းတာဝန်များထမ်းဆောင်စဉ် လိုအပ်သော စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်၊

(င) ရခိုင်ပြည်နယ်အတွင်းရှိ လူမှုအဖွဲ့အစည်းများအားလုံး လူမျိုး၊ ကိုးကွယ်သည့် ဘာသာ၊ အသားအရောင်၊ ကျား/မ ခွဲခြားမှုမပြုဘဲ တူညီသောအခြေခံအခွင့်အရေးများဖြစ်သည့် ပညာသင်ကြားခွင့်၊ ကျန်းမာရေးစောင့်ရှောက်ခံပိုင်ခွင့် စသည့် လုပ်ငန်းများ တိုးမြှင့်နိုင်ရေးကို စီမံဆောင်ရွက်ပေးရန်၊

(စ) လုပ်ငန်းကော်မတီများမှ ရေးဆွဲတင်ပြလာမည့် ရေရှည်အစီအမံများအပေါ် အခြေတည်၍ လိုအပ်သော ကြီးကြပ်လမ်းညွှန်မှုများပြုရန်၊

(ဆ) လုပ်ငန်းကော်မတီများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ဓာတ်ပုံမှတ်တမ်းများဖြင့် စနစ်တကျမှတ်တမ်းတင်ထားရှိရေးနှင့် လုပ်ငန်းလိုအပ်ချက်များ၊ တိုးတက်မှုအခြေအနေများကို ဗဟိုကော်မတီသို့ လစဉ်တင်ပြရေးကြီးကြပ်လမ်းညွှန်မှုပြုရန်။

၃။ နိုင်ငံတော်သမ္မတရုံး၏ ၃၀ - ၅ - ၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၃ / ၂၀၁၆ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ